# ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒ

| | |
|---|---|
| စာတမ်းအမှတ် | M&AOSB-CPL-05012018-HS |
| စာတမ်းခေါင်းစဉ် | ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒ |
| ရေးသားသူ | ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး နှင့် ပါတ်ဝန်းကျင်ဆိုင်ရာမန်နေဂျာ |
| ရက်စွဲ | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( ၅ ) ရက် |
| အတည်ပြုသူ | Group General Manager |

## ဦးတည်ချက်

M&AOSB သည် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ဆောင်မှုများကို စဉ်ဆက်မပြတ်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်၊ ဘေးကင်းလုံခြုံရေး သည် ပထမဟူသောခေလေ့ကို ရရှိစေရေးအတွက် အောက်ပါအခြေခံရည်မှန်းချက်များနှင့်အညီ ကြိုး ပမ်းဆောင်ရွက်လျက်ရှိပါသည်။

- မတော်တဆမှုမရှိစေရေး၊
- လူအများအား ထိခိုက်နစ်နာမှု မရှိစေရေး၊

## အကောင်အထည်ဖော်ဆောင်ရွက်မှု

M&AOSB သည် ဖော်ပြပါရည်မှန်းချက်များနှင့် လျာထားချက်များ ရရှိရေးအတွက် ဝန်ထမ်းများနှင့် မန်နေဂျာများအားလုံး၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို ရည်မှန်းထားသကဲ့သို့ ကန်ထရိုက်တာများနှင့် Suppliers များသည်လည်း တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း တာဝန်ရှိပါသည်။

ယခုဖော်ပြပါမူဝါဒအတိုင်း လိုက်နာရန် ပျက်ကွက်ပါက အလုပ်မှရပ်စဲသည်အထိ အရေးယူမှုများ ပါဝင်သည့် ရုံးစည်းကမ်းပိုင်းဆိုင်ရာဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလားတူ မူဝါဒ

ကို လိုက်နာရန်ပျက်ကွက်သော ကန်ထရိုက်တာများကိုလည်း ၎င်းတို့၏ စာချုပ်များကို ရပ်စဲခြင်း (သို့မဟုတ်) သက်တမ်းတိုးမှုမပြုလုပ်ခြင်း (သို့မဟုတ်) အခြားသင့်လျော်သည့် အရေးယူ ဆောင်ရွက်မှုများပြုလုပ်မည်ဖြစ်ပါသည်။ M&AOSB သည် ယခုမူဝါဒကို အခါအားလျော်စွာ လိုအပ်သောပြင်ဆင်မှုများ (သို့မဟုတ်) ခေတ်နှင့်အညီပြောင်းလဲမှုများ ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိပါ သည်။

## တာဝန်ယူအာမခံချက်

M&AOSB ၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်သည်ကျွန်ုပ်တို့၏ လုပ်ငန်းအတွက် အခြေခံကျပြီး၊ လုပ်ငန်းဆောင်ရွက်မှုပြုသည့် နေရာအားလုံးတွင်ကျင့်သုံးနေပါသည်။

M&AOSB သည် အောက်ပါစည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ယူ ဆောင်ရွက်နေပါသည်။

- မတော်တဆမှုအားလုံးကို ကြိုတင်ကာကွယ်နိုင်ပါသည်။
- ဘေးကင်းလုံခြုံမှု မရှိဘဲ ဆောင်ရွက်ရမည့် အရေးကြီးသည့်လုပ်ငန်း မရှိပါ။
- ပြဌာန်းထားသည့် H&S ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုမ္ပဏီ၏ H&S ဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရမည် (သို့မဟုတ်) ကျော်လွန်စေပါမည်။
- H&S စွမ်းဆောင်ရည်သည် ဝန်ထမ်းများ၊ M&AOSB နှင့် လုပ်ငန်းလုပ်ကိုင်နေသော ကန်ထရိုက်တာများအားလုံးအပေါ်တွင်မူတည်လျက်ရှိပါသည်။ ဘေးကင်းလုံခြုံစွာလုပ်ငန်းဆောင်ရွက်နိုင်ရန် လူတိုင်းတွင်တာဝန်ရှိပါသည်။
- ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး အတွက် ကျွန်ုပ်တို့လုပ်ငန်း၏ မလိုလားအပ်သော အကျိုးဆက်များကို နည်းပါးစေရေးအတွက်မှာ ဘေးကင်းလုံခြုံသော လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း အကျိုးရှိရှိ အသုံးပြုခြင်းတို့ဖြင့် ဖြစ်ပေါ်စေပါမည်။
- မတော်တဆ ဒဏ်ရာရရှိမှုများ နည်းပါးစေရန် မတော်တဆ/ဖြစ်ရပ်တစ်စုံတစ်ရာ ဖြစ်ပွား နိုင်ခြေရှိသော လုပ်ဆောင်မှုများနှင့် အနေအထားကို ပြုပြင်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပါမည်။

- ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းတွင် ကျွမ်းကျင်မှုရှိပြီး၊ သတ်မှတ်ထားသော မူဝါဒကို လိုက်နာနိုင်စေရေးအတွက် သင့်လျော်သောသင်တန်းများပေးအပ်ပါမည်။
- စီမံကိန်းများနှင့် လူတစ်ဦးချင်း၏ရည်မှန်းချက်များတွင် တိုင်းတာနိုင်သော H&S ရည်မှန်းချက်များ ပါဝင်ရမည်ဖြစ်ပြီး၊ ၄င်းတို့ကို နှစ်စဉ် ချမှတ်၍ ပုံမှန်စိစစ်သုံးသပ်သွား ပါမည်။

## တာဝန်ဝတ္တရားများ

အဖွဲ့အစည်းတစ်ခု၏ H&S စွမ်းဆောင်ရည်အတွက် တာဝန်ဝတ္တရားများကို စီမံခန့်ခွဲမှုစနစ် အဆင့်ဆင့်ဖြင့် အဖွဲ့အစည်းအတွင်း တွေ့မြင်နိုင်ပါသည်။ HSE Department နှင့် ၄င်း၏ အဖွဲ့များသည် မတော်တဆမှုများကို ကာကွယ်မည့် ဘေးကင်းလုံခြုံသော လုပ်ငန်းဆောင်ရွက်မှုများကို တိုးမြှင့်ဖြစ်ပေါ်စေရန်နှင့် HSE စွမ်းဆောင်ရည်စနစ်တကျဖြစ်ပေါ်စေရန် ဘေးကင်းလုံခြုံမှုသည် ပထမဟူသော ဓလေ့ထုံးစံကို ရရှိစေရန် အကောင်အတည်ဖော်လျက်ရှိပါသည်။

## ပြန်လည်စိစစ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း

ယခုမူဝါဒကို နိုင်ငံ၏ အနေအထား၊ တရားဥပဒေဆိုင်ရာ လိုအပ်ချက်အပြောင်းအလဲများအပါအဝင် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ၊ ပြင်ပပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများနှင့် ညီညွတ်စေရန် နှစ်နှစ်တစ်ကြိမ် ပြန်လည်စိစစ်သွားမည်ဖြစ်ပါသည်။ M&AOSB ၏ ဦးဆောင်စီမံခန့်ခွဲသူများအနေဖြင့် ဤမူဝါဒကို ချမှတ်ကျင့်သုံးလိုက်နာစေရန် တာဝန်ရှိပါသည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ခြင်းကို ကုမ္ပဏီ၏စီမံခန့်ခွဲမှုစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ သင့်လျော်သောအခါတိုင်းတွင် ကျွန်ုပ်တို့နှင့် လုပ်ငန်းလုပ်ကိုင်သော အခြားသောအဖွဲ့အစည်းများမှ အသုံးပြုသော စီမံခန့်ခွဲမှုစနစ်များကို လိုက်နာဆောင်ရွက်ခြင်းများ ပြုလုပ်မည် ဖြစ်ပါသည်။

Vantage Tower, 623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +95 1 230 7722 ~ 31 Fax : +95 1 230 7720 email : myint@myintassociates.com